# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 28, 2020 Volume 34, Number 19


| ၂၈.၈.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၄၃ US$ |
| မြန်မာ့ရွှေဈေး | = ၁၂၈၉၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၅၅/- ကျပ် |
| CBM Rate | = ၁၃၄၈.၈ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၉၄.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၄.၀၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၇၈.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၆၄.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၉.၅၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၅.၀၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၂၆၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၁၂ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၀.၈၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၂.၉၅၂ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀

ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ချင်းတောင်ဒေသ ပန်းသီးအထွက်နှုန်းကောင်းသော်လည်း အလုံးသေးငယ်၍ ဝယ်လိုအားနည်း



ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်းရှိ ပန်းသီးခင်းများ ယခုနှစ် ပန်းသီးအထွက်နှုန်း ကောင်းမွန်သော်လည်း အလုံးသေးငယ်၍ အဆင့်မီဈေးကွက်ဝင်ဖြစ်မလာဘဲ ဝယ်လိုအားနည်းနေကြောင်း ပန်းသီးစိုက် တောင်သူများထံမှသိရသည်။ ''တီးတိန်မြို့နယ်မှာ ပန်းသီးဟာ ဒေသထွက် စိုက်ပျိုးသီးနှံ တစ်ခုဖြစ်ပါတယ်။ ပန်းသီးအထွက်နှုန်းကတော့ မကျပေမယ့် ဒီနှစ်နွေရာသီကာလမှာ အပူရှိန်ပြင်းတဲ့အချိန် ပန်းသီးအဖူးအပွင့်ထွက်လာလို့ဆိုရမလား။ ပန်းသီးအလုံးသေးသွားတယ်။ ဈေးကွက်မှာလည်း ဝယ်လိုအားကျဆင်းသွားပါတယ်။ အခုအချိန်ထွက်ရှိတဲ့ ပန်းသီးဟာ အိုင်ဝါ အမျိုးအစားဖြစ်ပါတယ်။ တောင်သူတွေ အဓိကစိုက်ပျိုးတဲ့ ပန်းသီးအမျိုးအစားကတော့ အိုင်ဝါ၊ ရူဘီ ခေါ် ကမ်းနန်၊ အော်သီး၊ အိုယိုကီနဲ့ကုန်ဒေါင်းတို့ဖြစ်ပါတယ်''ဟု တီးတိန်မြို့နယ် ဘွင်ကျေးရွာ ပန်းသီးစိုက် တောင်သူတစ်ဦးကပြောသည်။

ချင်းပြည်နယ်တွင် ပန်းသီးခင်းကို တီးတိန်မြို့နယ်၌ အများဆုံးစိုက်ပျိုးမှုရှိပြီး ပြည်တွင်းပြည်ပ ဈေးကွက်အထိ အရောင်းအဝယ်ဖြစ်နေသော ချင်းတောင်ပန်းသီးမှာ ယခုနှစ်ပန်းသီးအထွက်နှုန်းကောင်းမွန်သော်လည်း ရာသီဥတုပူပြင်းစွာ ခံစားရသည့်အတွက်ကြောင့် ပန်းသီးအလုံးသေးငယ်ခြင်းဖြစ်သည်။ ''တီးတိန် ဒေသ ပန်းသီးပင်တွေဟာ ကင်ကာ(Canker)လေကနေတစ်ဆင့် ကူးတဲ့ရောဂါကြောင့် တစ်နှစ် မှာ ၁၀ ဒီဂရီစင်တီဂရိတ်အောက် အအေးဓာတ်နာရီပေါင်း ၇၀၀ ခန့် လိုအပ်ပါတယ်။ အခုနှစ်မှာတော့ ရာသီဥတုပူနွေးလာမှုကြောင့် တစ်နှစ် ၁၀ ဒီဂရီစင်တီဂရိတ်အောက် အအေးဓာတ်နာရီပေါင်း ၃၀၀ ကနေ ၄၀၀ ခန့် လောက်ပဲရရှိပါတယ်။ ဒါ့အပြင် မိုးရွာသွန်းမှု နောက်ကျတဲ့အတွက်ကြောင့် ပန်းသီးတွေ အရင်နှစ်ထက် အလုံးသေးသွားတာဖြစ်ပါတယ်''ဟု တီးတိန်မြို့ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက

ပြောသည်။ ပေါ်ဦးပေါ်ဖျားပန်းသီးများကို ကလေးမြို့ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချကြကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/1173

## စိုက်ပျိုးရေးနှင့်အာဟာရကဏ္ဍဖွံ့ဖြိုးရေး ငါးနှစ်စီမံကိန်းအတွက် အီးယူက ယူရို ၁၁၂ သန်းထောက်ပံ့

ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေးနှင့် အာဟာရကဏ္ဍဖွံ့ဖြိုးရေးအတွက် ယူရို ၁၁၂ သန်း (အမေရိကန် ဒေါ်လာ ၁၃၂ သန်းကျော်)ကိုလာမည့် ငါးနှစ်အတွင်းထောက်ပံ့ကူညီသွားမည်ဟု ဥရောပသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာသံရုံးက သတင်းထုတ်ပြန်သည်။ ထောက်ပံ့မှုများပေးရန် ဥရောပသမဂ္ဂနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနတို့ ရန်ပုံငွေသဘောတူစာချုပ် လက်မှတ်\ရေးထိုးခဲ့ကြောင်း ဩဂုတ် ၂၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ၂၀၂၀ မှ ၂၀၂၅ နှစ်အတွင်း အကောင်အထည်ဖော်မည့် ဥရောပသမဂ္ဂ၏ စီမံကိန်းသစ်သည် ကိုယ်ဝန်ဆောင်/နို့တိုက်မိခင်များ၊ ကလေးသူငယ်များနှင့် အရွယ်ရောက်ခါစ အမျိုးသမီးငယ်များအပါအဝင် အာဟာရမလုံလောက်မှု ဒဏ်ခံစားနေရသော ထိခိုက်အလွယ်ဆုံးတောင်သူများနှင့် ကျေးလက်နေ ပြည်သူများကိုဦးတည်ပြီး ကျေးလက်ဒေသဝင်ငွေများ မြင့်တက်လာစေရန်၊ စားသောက်ကုန်အမျိုးမျိုး ထုတ်လုပ်နိုင်စေရန်နှင့် ဘေးကင်းလုံခြုံသော ရေနှင့်အစားအသောက်များကို လက်လှမ်းမီသုံးစွဲနိုင်စေရန် ဦးတည်ကြားဝင်ကူညီမှုများမှ တစ်ဆင့် လုပ်ဆောင်သွားမည်ဖြစ်သည်။ အာဟာရမလုံလောက်မှုဒဏ်ကို အဆိုးရွားဆုံးခံစားနေရသော ဒေသများအားရွေးချယ်ကာ ယင်းဒေသများရှိ စိုက်ပျိုး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအချို့၏ ဝန်ဆောင်မှုစွမ်းရည်များကို မြှင့်တင်ပေးခြင်းလည်း ပါဝင်မည်ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အာဟာရဆိုင်ရာ ကြားဝင်ကူညီမှုများတိုက်ရိုက် အကောင်အထည် ဖော်ရန် ယူရိုငွေသန်း ၇၀ သုံးစွဲမည်ဖြစ်ပြီး စိုက်ပျိုး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကို နည်းပညာအထောက်အပံ့ပေးအပ်ရန်၊ ဆင်းရဲနွမ်းပါးသူများအား အကျိုးဖြစ်ထွန်းစေသော စိုက်ပျိုးရေးဆိုင်ရာ တန်ဖိုးကွင်းဆက်များ ရေးဆွဲချမှတ်ရန်နှင့် ပဋိပက္ခဒဏ်ခံဒေသများနှင့် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားနေသောဒေသများတွင် အာဟာရနှင့်လူမှုဖူလုံရေးအတွက် ယူရို ၄၂ သန်းကို သီးခြားထောက်ပံ့မည်ဟု ဖော်ပြထားသည်။

**Source:** https://7day.news/detail?id=197070

## တရုတ်အစိုးရ၏ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက် ညှိနှိုင်းဆောင်ရွက်ပေးရန် မူဆယ်ရှိ လုပ်ငန်းရှင်အချို့ အစိုးရထံတောင်းဆို



ရွှေလီမြို့ရှိ မြန်မာစီးပွားရေးလုပ်ငန်းများအပေါ် ထုတ်ပြန်လိုက်သည့် တရုတ်အစိုးရ၏ စည်းမျဉ်းစည်းကမ်း အချက်ငါးချက်ကို အစိုးရကညှိနှိုင်းဆောင်ရွက်ပေးရန် မူဆယ်မြို့ရှိ စီးပွားရေးလုပ်ငန်းရှင်အချို့က တောင်းဆိုသည်။ တရုတ်နိုင်ငံအတွင်းရှိ မြန်မာစီးပွားရေးလုပ်ငန်းများ၏ တောင်းဆိုချက်မှာ ကုန်ကားဂိတ် လုပ်ငန်းလိုင်စင်များကို မြန်မာနိုင်ငံသားမှတ်ပုံတင်ဖြင့် လုပ်ငန်းလိုင်စင်လျှောက်ခွင့်ပြုရန်၊ လိုင်စင်လျှောက်ထားမှုကို သတ်မှတ် ၁၀ ရက် အစား နယ်စပ်ဖြတ်ကျော် လူဝင်လူထွက်ခွင့်ပြုချိန်အထိ အချိန်တိုးပေးရန်၊ ကုန်ကားဂိတ်များတွင် အလုပ်သမားများကို ကုန်ဂိတ်တာဝန်ခံမှုဖြင့်ခွင့်ပြုပေးရန်၊ လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင် တရုတ်နိုင်ငံ ဘက်မှ ထုတ်ပြန်သည့် စပေါ်ငွေသတ်မှတ်ချက် ပယ်ဖျက်ဖြေလျှော့ပေးရန်၊ တရုတ်နိုင်ငံမှ သတ်မှတ်သောစည်းမျဉ်းစည်းကမ်းများဖြင့် လူဝင်၊ လူထွက် ခွင့်ပြုပေးရန်တို့ဖြစ်သည်။

တရုတ်အစိုးရ၏ ထုတ်ပြန်ချက်ကို မြန်မာလုပ်ငန်းရှင်များ လိုက်နာရန်ခက်ခဲသဖြင့် မူဆယ်မြို့တွင် ကုန်ကားဂိတ် ပိုင်ရှင်များအပါအဝင် စီးပွားရေးလုပ်ငန်းရှင်များနှင့်အစိုးရတာဝန်ရှိသူများ ဩဂုတ် ၂၇ ရက်က တွေ့ဆုံဆွေးနွေးပြီး အချက် ငါးချက် အကောင်အထည်ဖော်ပေးရန်ဆုံးဖြတ်ခဲ့သည်။ "ဆုံးဖြတ်ချက်တွေကို အစိုးရကို တင်ပြသွားမယ်။ နှစ်နိုင်ငံအစိုးရ တာဝန် ရှိသူတွေဆွေးနွေးတဲ့အခါ ထည့်သွင်းဆွေးနွေးနိုင်အောင်ပါ"ဟု မူဆယ်အဝေးပြေး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း

ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်ကပြောသည်။ ဩဂုတ် ၂၅ ရက်စွဲဖြင့် ယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ်ခွဲ အစိုးရဌာနက ရွှေလီ ကျယ်ဂေါင်ရှိ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံထားသော ကုန်တင်ကားဂိတ်၊ အမြန်ချောပို့လုပ်ငန်းများနှင့်ပတ်သက်၍ စည်းမျဉ်း စည်းကမ်းများထုတ်ပြန်ခဲ့သည်။ တရုတ်နိုင်ငံပိုင်နက်အတွင်း မြန်မာအပါအဝင် နိုင်ငံခြားသားများ လုပ်ငန်းလုပ်ရာတွင် တရားဝင် မှတ်ပုံတင်ရန်၊ တရုတ်နိုင်ငံသားများနှင့် ဖက်စပ်လုပ်ကိုင်ရန်နှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို ဩဂုတ်၂၅ရက်မှ စတင်ပြီး ၁၀ ရက်အတွင်း အပြီးဆောင်ရွက်ရန်ထုတ်ပြန်ခဲ့သည်။

COVID-19 ကပ်ရောဂါ အကြောင်းပြချက်ဖြင့် နယ်စပ်ကုန်သွယ်ရေး တင်းကျပ်ထားသော တရုတ်အစိုးရသည် လက်ရှိ စည်းမျဉ်း စည်းကမ်းများထုတ်ပြန်ခြင်းက မြန်မာနိုင်ငံ၏ နယ်စပ်စီးပွားရေးလုပ်ငန်းရှင်များကို အခက်အခဲဖြစ်စေသည်ဟု မူဆယ် မြို့မှ ကုန်သည်အချို့ကပြောသည်။ တရုတ်အစိုးရ၏ ထုတ်ပြန်ချက်တွင် ကုန်ပစ္စည်းများခေတ္တထားရှိရန် ဂိုဒေါင်ငှားရမ်းရာ၌ လည်း မြန်မာနိုင်ငံသားတစ်ဦးတည်းအမည်ဖြင့် ငှားရမ်းခွင့်မရှိဘဲ တရုတ်နိုင်ငံသားတစ်ဦးပါဝင်မှ ခွင့်ပြုမည်ဖြစ်သည်။

ဆောက်လုပ်ရေးပစ္စည်းများ၊ လယ်ယာစိုက်ပျိုးရေးအတွက်လိုအပ်သော ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများအပါ အဝင် သွင်းအားစုပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ မြန်မာနိုင်ငံသို့တင်သွင်းရန် ကျယ်ဂေါင်တွင် ကုန်တင်ယာဉ်ဂိတ် ၁၀၀ ကျော် ဖွင့်လှစ်ထားသည်။ ထို့အပြင် ဂိုဒေါင်များငှားရမ်းပြီး မြန်မာနိုင်ငံမှပို့ဆောင်သော ကုန်စည်များကို သိုလှောင်ထားရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။

**Source:** https://7day.news/detail?id=197038

## စတော်ဘယ်ရီ စိုက်ပျိုးတောင်သူများ ဈေးကောင်းရရှိရန် ပုံမှန်စိုက်ပျိုးချိန်ထက် စော၍စိုက်ပျိုး



ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဟိုပုံးမြို့၌ စတော်ဘယ်ရီ စိုက်ပျိုးတောင်သူများ ဈေးကောင်း ရရှိရန်အတွက် ပုံမှန်စိုက်ပျိုးချိန်ထက်စော၍ စိုက်ပျိုးလျက်ရှိကြောင်း စတော်ဘယ်ရီ စိုက်ပျိုး တောင်သူများထံမှသိရသည်။

စတော်ဘယ်ရီ စိုက်ပျိုးရာတွင် တစ်ဧကလျှင် အပင်ပေါင်း ၆၀၀၀၀ မှ ၇၀၀၀၀အထိ စိုက်ပျိုးနိုင်ပြီး မြေပြင်ခြင်း၊ မြေဩဇာ၊အလုပ်သမား၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် စုစုပေါင်း ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ တောင်သူများအနေဖြင့် ထိုင်ဝမ်လိပ်ပြာမျိုး၊ ဂျပန်မျိုးနှင့် ဒေသမျိုးတို့ကို စိုက်ပျိုးလျက်ရှိသည်။

စတော်ဘယ်ရီစိုက်ပျိုးရာတွင် ဒေသအလိုက် သင့်လျော်သော အထွက်နှုန်း ကောင်းသည့်မျိုးများ ရွေးချယ်စိုက်ပျိုးကြရာ ယခုအခါ ဈေးကောင်းရရှိရန်အတွက် ဇူလိုင်လတွင် ဧကပေါင်း ၁၀ ဧကစတင်စိုက်ပျိုးပြီး နိုဝင်ဘာလခူးဆွတ်ချိန်တွင် ဈေးပေါလျှင်တစ်ခြင်း ငွေကျပ် ၁၅၀၀ ရရှိပြီး ဈေးကောင်းရချိန်တွင် တစ်ခြင်းလျှင် ငွေကျပ် ၆၀၀၀ အထိ ရရှိကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/1174

## ငှက်ပျောသီးများ အရောင်းအဝယ်အေးသည့်အတွက် ပွဲစားများအခက်တွေ့



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အင်းဝဒေသတို့၌ ဖီးကြမ်းငှက်ပျောများကို စီးပွားဖြစ် စိုက်ပျိုးလျက်ရှိရာ ယခုနှစ် နတ်ပွဲများ မကျင်းပနိုင်သည့်အတွက် ငှက်ပျောပွဲစားများ အခက်တွေ့လျက် ရှိကြောင်းသိရသည်။

ငှက်ပျောစိုက်တောင်သူများအနေဖြင့် ငှက်ပျောပွဲစားများကို စာချုပ် ချုပ်လေ့ရှိသည်။ ယခုနှစ် ငှက်ပျောစာချုပ်တွင် ဒေသအခေါ် လှည်းတစ်စီး (ငှက်ပျောအခိုင် ၄၀ ပါ)လျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် စာချုပ်ကာ ဝယ်ယူထားသော်လည်း လက်ရှိကာလ နတ်ပွဲများ မကျင်းပနိုင်သည့်

အတွက် ငှက်ပျောဈေးကွက်အေးနေကြောင်း၊ ငှက်ပျောပွဲစားများမှာ ငှက်ပျောများကို ဒိုင်သွင်းရာတွင် ယခင်ကငှက်ပျော ဆိုင်ကယ်သုံးစီးဝယ်ယူရာမှ ယခုအခါ ငှက်ပျောဆိုင်ကယ် တစ်စီးသာဝယ်ယူတော့ကြောင်း၊ လက်ရှိ ငှက်ပျောဒိုင်သွင်းဈေးမှာ ဖီးကြမ်းတစ်ဖီးလျှင် ငွေကျပ် ၈၅၀ ဖြင့် ဒိုင်သွင်းရကြောင်း ငှက်ပျောပွဲစား ကိုပေါက်စီထံမှသိရသည်။

ငှက်ပျောသည် မြေတစ်ဧကလျှင် ငှက်ပျော ၇၀၀ ခန့်စိုက်နိုင်ပြီး လက်ရှိကာလပေါက်ဈေးအရ ငှက်ပျောလှည်းတစ်စီး အခိုင် ၄၀ ကို ငွေကျပ် ၁၈၀၀၀၀ မှ ၂၁၀၀၀၀ နှုန်းဖြင့် ရောင်းချရကြောင်း၊ တစ်ဧက ငှက်ပျောလှည်း ၁၅ စီး၊ ၁၆ စီးထွက်ပြီး တန်ဖိုးငွေကျပ်သိန်း ၃၀ ကျော်ရကြောင်း၊ ယခုနှစ်တွင် နတ်ပွဲများ မကျင်းပနိုင်သည့်အတွက် ငှက်ပျောပွဲစားများ အခက်တွေ့ နေကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/1171

## ကျယ်ဂေါင်က မြန်မာပိုင် ကုန်စည်ပို့ဆောင်ရေးဂိတ်တွေ တရုတ်ပိတ်မည်



တရုတ်နိုင်ငံ ယူနန်ပြည်နယ်၊ ကျယ်ခေါင်မြို့ထဲက မြန်မာလူမျိုးပိုင် ကုန်စည် ပို့ဆောင်ရေး ဂိတ်တွေကို တရုတ်နိုင်ငံသားနဲ့ အစုစပ်လုပ်မှသာ လုပ်ငန်း လုပ်ခွင့်ပြု တော့မယ်လို့ တရုတ်ဘက်က ညွှန်ကြားချက်ထုတ်လိုက်တဲ့အကြောင်း ပြောပြ ပါမယ်။ ဗွီအိုအေမြန်မာပိုင်းသတင်းထောက် ကိုဇော်ထက် တင်ပြထားပါတယ်။

တရုတ် ကျယ်ခေါင်မြို့ထဲက မြန်မာလူမျိုးပိုင်တဲ့ ကုန်စည်ပို့ဆောင်ရေး လုပ်ငန်း တွေ ပိတ်သိမ်းပေးဖို့နဲ့ လုပ်ငန်းဆက်လည်ပတ်မယ်ဆိုရင် တရုတ်လူမျိုးတယောက် ကို အစုစပ်ထည့်ပြီးမှ ပြန်လုပ်ခွင့်ပြုမယ်လို့ တရုတ်တာဝန်ရှိသူတွေက ပြောလိုက်ပါတယ်။ မလိုက်နာရင် အရေးယူမယ်လို့လည်း တရုတ်-မြန်မာ နှစ်ဘာသာနဲ့ရေးသားထားတဲ့ စာမျက်နှာ ၇ မျက်နှာပါ ညွှန်ကြားချက်ကို မြန်မာလုပ်ငန်းရှင်တွေထံ ယူနန် အာဏာပိုင်တွေက ပေးပို့ခဲ့တာဖြစ်ပါတယ်။

မူဆယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်ကတော့ တရုတ်အာဏာပိုင်တွေရဲ့ အင်္ဂါနေ့က ထုတ်ပြန်လိုက်တဲ့ ညွှန်ကြားချက်ကို လက်မခံနိုင်ကြောင်း ဗွီအိုအေကို ပြောပါတယ်။ “ ဟုတ်တယ်ဗျ၊ သူက မြန်မာနိုင်ငံသားကို လက်မခံတော့တာ။ သူတို့တရုတ်နိုင်ငံသားပါမှ လိုင်စင်လျှောက်လို့ရမယ်၊ ပြီးရင် သူတို့တရုတ်နိုင်ငံသား ကိုလည်း အစုရှယ်ယာအနေနဲ့ ၅၀ ရာခိုင်နှုန်း အထက်ပေါ့ တဝက်ကျော်ပေးရမယ်ဆိုတဲ့ သတ်မှတ်ချက်တွေနဲ့ လုပ်ခိုင်းတာဗျ။ Free Trade Zone မှာ ကျနော်တို့တွေ နှစ်နိုင်ငံ အလုပ်လုပ်ကြတာဖြစ်တဲ့အတွက် ကျနော်တို့လက်ခံလို့ မရဘူးပေါ့ဗျာ။ အဲဒါတွေကို လက်ခံလိုက်ရင် ကျနော်တို့လည်း အလုပ်လုပ်လို့ မရတော့ဘူး“ ညွှန်ကြားချက်နဲ့ပတ်သက်ပြီး မြန်မာကုန်စည် ပို့ဆောင်ရေးအသင်းတွေက တရုတ်အာဏာပိုင်တွေနဲ့ ညှိနှိုင်းဖို့ပြင်ဆင်နေကြပါတယ်။ တရုတ်နိုင်ငံက တာဝန်ရှိသူတွေနဲ့ ဆွေးနွေးတဲ့အခါ ကုန်ဂိတ်လုပ်ငန်းလိုင်စင်ကို မြန်မာနိုင်ငံသားမှတ်ပုံတင်နဲ့ လုပ်ငန်းလျှောက်ခွင့်ပြုဖို့၊ ကုန်ဂိတ်တာဝန်ရှိသူ အာမခံနဲ့ မြန်မာလုပ်သားတွေ ထားရှိခွင့်ပြုပေးဖို့၊ တရုတ်နိုင်ငံရဲ့ စည်းကမ်းချက်တွေအတိုင်း စစ်ဆေးပြီး လူဝင်၊ လူထွက်ခွင့် ပြုပေးနိုင်ဖို့အပါအဝင် အချက်ငါးချက်ကိုတင်ပြဖို့ရှိတယ်လို့လည်း မူဆယ်အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်ကပြောပါတယ်။

တရုတ်ပြည်ထဲက အိမ်ဆောက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ အထည်လိပ်၊ စားသောက်ကုန်နဲ့ တခြားအထွေထွေပစ္စည်းတွေကို ဒီမြန်မာပိုင်တဲ့ ကုန်ကားဂိတ်တွေက တဆင့် မြန်မာပြည်တွင်းကို ပို့ပေးနေတာပါ။ တရုတ်ပြည် ကျယ်ဂေါင်မြို့ထဲမှာ မြန်မာ နာမည်နဲ့ ကုန်စည်ပို့ဆောင်ရေးဂိတ် ၁၀၀ ကျော်ရှိပြီး ဒါကို ယူနန်အစိုးရက လုပ်ငန်းလိုင်စင် ချပေးထားသလို ကျသင့်တဲ့ အခွန်လည်းပေးရပါတယ်။ တရုတ်နိုင်ငံတွင်းမှာရှိပေမဲ့လည်း မြန်မာပိုင်ဂိတ်တွေဖြစ်လို့ ပြည်တွင်းကို တရုတ်ကုန်တွေ ပို့တဲ့အခါ အဆင်ပြေနေတာဖြစ်ပြီး အခုလို မြန်မာတဦးတည်းပိုင်ဆိုင်မှုကို လက်မခံတော့ကြောင်း ပြောလိုက်တာအတဲ့အတွက် အခက်အခဲတွေကြုံလာနိုင်ကြောင်း မူဆယ်ဆန်ကုန်စည်ဒိုင် ဒုဥက္ကဋ္ဌ ဦးမင်းသိန်းက ဝေဖန်လိုက်ပါတယ်။ “တရုတ်နိုင်ငံသား တယောက်ကို ရှယ်ယာထည့်မှ ဒီဂိတ်တွေကို ဆက်လက်ဖွင့်ခွင့်ပေးမယ်ဆိုပြီး တရုတ်အစိုးရက အမိန့်ထွက်လိုက်တယ်၊ အဲဒါကို ၁၀ ရက်အတွင်းမှာ လျှောက်လွှာတင်ရမယ်၊ နာမည်ပြောင်းရမယ်၊ တရုတ်နိုင်ငံသားနဲ့ ဖက်စပ်လုပ်ရမယ်ဆိုတာ ဒါသက်သက် ကိုယ့်ဝေစုထဲက ထက်ဝက်ပေးလိုက်တဲ့ ပုံစံပေါ့။ အဲဒီအတွက်ကတော့ မကောင်းပါဘူး၊ မလုပ်သင့်ဘူး။”

တရုတ်တာဝန်ရှိသူတွေ ထုတ်ပြန်တဲ့ကြေညာစာထဲမှာ မြန်မာကုန်စည်ပို့ဆောင်ရေးဂိတ်တွေ ပါဝင်သလို၊ တရုတ်လုပ်ငန်းရှင်တွေအနေနဲ့လည်း မြန်မာလုပ်သားကိုပေါက်ဖော်ကဒ်လို့ခေါ်တဲ့ ယာယီနေထိုင် အလုပ်လုပ်ခွင့်လက်မှတ်မရှိဘဲ ထိန်းသိမ်းထားရင် ဒဏ်ငွေအမြောက်အများ ပေးဆောင်ရမယ်လို့လည်းရေးသားထားပါတယ်။ ဩဂုတ်လ ၁၁ ရက်ကလည်း တရုတ်အရှေ့ပိုင်း Shandong ပြည်နယ်က အသားထုတ်လုပ်တဲ့စက်ရုံ ၂ခုက မြန်မာလုပ်သား ၉၀၀ လောက်ကို တရုတ်ရဲအများအပြားက ဝင်ရောက်ဖမ်းဆီးခဲ့ပြီး စစ်ဆေးမေးမြန်းခဲ့ပါတယ်။ မြန်မာ-တရုတ်နှစ်နိုင်ငံဟာ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့အတွက် ကုန်သွယ်ရေးနဲ့ လုပ်သားစေလွှတ်မှုတွေ အဆင်ပြေအောင် နှစ်ဘက်ညှိနိုင်းပြီး ဆောင်ရွက်သင့်ပြီလို့ ကုန်သည်အသိုင်းအဝန်းကပြောကြပါတယ်။

**Source:** https://www.facebook.com/VoA.Burmese.News/

## ကိုဗစ်ဒုတိယ လှိုင်းကြောင့် ကျောက်စိမ်းဈေးမကျနိုင်ဟု ကျောက်မျက်အသင်းချုပ် ဒုဥက္ကဋ္ဌပြော

ကိုဗစ်-၁၉ ဒုတိယလှိုင်းကြောင့် ကျောက်စိမ်းဈေးမကျဆင်းနိုင်ဘူးလို့ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်းချုပ်ဒုဥက္ကဋ္ဌ ဦးကျော်သူရကပြောပါတယ်။ မြန်မာပြည်ကထွက်ရှိတဲ့ ကျောက်စိမ်းအများစုကို တရုတ်နိုင်ငံက ကုန်ကြမ်းအနေနဲ့ အဓိကဝယ်ယူနေတာဖြစ်ပြီး ကိုဗစ်-၁၉ စတင်ဖြစ်ပွားတဲ့အချိန်ကာလက ကျောက်စိမ်းဈေးကွက်အပေါ် ရိုက်ခတ်မှုတွေရှိခဲ့ပါတယ်။

လက်ရှိမှာတော့ မြန်မာနိုင်ငံမှာ ကိုဗစ်ဒုတိယလှိုင်းအဖြစ်ဖြစ်လာနေပေမဲ့ တရုတ်နိုင်ငံမှာ ကိုဗစ်ကပ်ရောဂါဟာ ကင်းစင်သလောက်ရှိလာပြီး ကျောက်စိမ်းအပါအဝင် စီးပွားရေးလုပ်ငန်းတွေ ပုံမှန်လည်ပတ်နေတာကြောင့် ကျောက်စိမ်းဈေးကွက်ကို မထိခိုက်နိုင်ဘူးလို့ဆိုပါတယ်။ ပြည်တွင်းမှာ ကျောက်မျက်ပြပွဲတွေ ပြသရောင်းချနိုင်ခြင်းမရှိတာကြောင့် ကုန်းကြမ်းပြတ်လတ်မှုရှိနေပြီး တရုတ်ပြည်က ကုန်သည်အချို့လည်း မြန်မာပြည်ကို ရောက်လာတာတွေရှိတယ်လို့ ဦးကျော်သူရကပြောပါတယ်။

မြန်မာနိုင်ငံမှာ အခုနှစ် အစောပိုင်းကဖြစ်ပွားခဲ့တဲ့ ကိုဗစ်ပထမလှိုင်းကြောင့် ကျောက်စိမ်းဈေး အရောင်းအဝယ် တွေ သိသိသာသာကျဆင်းခဲ့ပြီး ကျောက်စိမ်းကုန်သည်အများစု လုပ်ငန်းတွေရပ်နားခဲ့ရပါတယ်။ ကျောက်ကုန်သည် အများစုဟာ ဒုတိယလှိုင်းကြောင့် ပထမတကြိမ်တုန်းကလို ကျောက်စိမ်းဈေးကွက်ကျဆင်းလာမှာကို စိုးရိမ်နေကြတယ်လို့ သိရပါတယ်။ တရုတ်နိုင်ငံမှာတော့ ကျောက်စိမ်း ရောင်းဝယ်ဖောက်ကားမှုတွေဟာ အရင်အခြေအနေ မရောက်သေးပေမဲ့ လုပ်ငန်းအများစုလုပ်ကိုင်နေပြီး ကျောက်စိမ်းပြပွဲတွေကို မကြာခဏကျင်းပနေတယ်လို့ဆိုပါတယ်။

**Source: DVB**

https://news.ydnp.net/369816/

## ညောင်ဦးတွင် ပြောင်းဖူးလှိုင်လှိုင်ပေါ်ချိန် ပြောင်းဖူးဈေးထိုးကျ

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံကျေးရွာများမှ ပြောင်းဖူးစိုက်တောင်သူများသည် ယခုလ ပြောင်းဖူးလှိုင်လှိုင်ပေါ်ချိန်တွင် ရန်ကုန်နှင့်မန္တလေးတို့မှပွဲစားများ လာရောက်ဝယ်ယူမှုမရှိသည့်အတွက် ပြောင်းဖူးဈေးနှုန်းကျဆင်းနေကြောင်းသိရသည်။

ညောင်ဦး-ပခုက္ကူ-မြင်းခြံသွား ကားလမ်းမကြီးဘေး ဝဲ/ယာတွင်တည်ရှိသော ဒေသခံကျေးရွာများသည် စိုက်ခင်းများမှ ထွက်ရှိသော ပြောင်းဖူးများကို ကားလမ်းမကြီးဘေးတွင်ပုံထားကာ လမ်းသွားလမ်းလာများအား ရောင်းချလေ့လည်းရှိသလို မြင်းခြံ၊ ညောင်ဦး၊ ပခုက္ကူ၊ ပုဂံ၊ ကျောက်ပန်းတောင်းပွဲစားများမှလည်း လာရောက်ဝယ်ယူလေ့ရှိသည်။ ထို့ပြင် ပလင်းကမ်းသာယာဆင်စခန်းမှလည်း ဆင်စာအတွက် အမြဲဝယ်ယူနေသည်။

ရန်ကုန်နှင့် မန္တလေးပြောင်းဖူးပွဲစားများကလည်း လာရောက်ဝယ်ယူရာတွင် ပြောင်းဖူးအဖူးရေ တစ်သောင်းမှသုံးသောင်းအထိဝယ်ယူလေ့ရှိသည်။ သို့သော် ယခုလအတွင်း ကပ်ရောဂါဘေးကြောင်း ခရီးသွားလာမှုနှင့်ကုန်သွယ်ရေးများ တုန့်ဆိုင်း

နေသည့်အတွက် ပြောင်းဖူးလှိုင်လှိုင်ပေါ်နေသော်လည်း ပြောင်းဖူးတစ်ဖူး (၈၀) ကျပ်ဖြင့်သာရောင်းချရနေပြီး ဆယ်ဖူးဈေး (၈၀၀) သာရရှိနေသည်။ ထိုကဲ့သို့ အနိမ့်ဆုံးဈေးသို့ထိုးကျနေသည့်အတွက် ပြောင်းဖူးများလှိုင်လှိုင်ပေါ်ချိန်တွင် စိုက်ပျိုးစရိတ်ပင်မရရှိတော့ကြောင်း ဒေသခံတောင်သူ ဦးဝင်းတင်က MOI သို့ ပြောဆိုခဲ့ကြောင်းသိရှိရသည်။

**Source:** MOI https://www.facebook.com/pissayainfo/?ref=py_c

## တရုတ်နိုင်ငံမှ ဗီယက်နမ်သရက်သီး(၂၂၀)သုတ် တင်သွင်းမှု ဆိုင်းငံ့ရန်ထုတ်ပြန်

ဗီယက်နမ်သတင်းအေဂျင်စီမှ ဩဂုတ်လ ၁၈ ရက်နေ့ နောက်ဆုံးထုတ်ပြန်ချက်အရ ဗီယက်နမ်နိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့သောသရက်သီးအချို့သည် ကောင်းလန်သရက်စိုက်ပျိုးရေးဧရိယာကုဒ်နံပါတ်ကို အတုအပပြုလုပ်ထားခြင်းကြောင့် တရုတ်နိုင်ငံမှ တင်သွင်းမှုယာယီဆိုင်းငံ့ရန် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထို့အပေါ် ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အပင်ကာကွယ်ရေးဦးစီးဌာနမှ စိုက်ပျိုးရေးဧရိယာများ၏ စောင့်ကြည့်ကြီးကြပ်မှုများကို မြှင့်တင်သွားကာ သစ်သီးအတုအပထွက်ပေါ်ခြင်းများကို အကာအကွယ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဒေသတွင်းပို့ကုန်လုပ်ငန်းရှင်များက သရက်သီးတင်ပို့ရာတွင် အပြန်အလှန်ကုဒ်နံပါတ် ငှားရမ်းသည့်အခြေအနေ များရှိနေခြင်းကြောင့် သရက်သီးအရည်အသွေးများ ရောထွေးစေခဲ့သည်။ ဤသည်မှာ ဗီယက်နမ်သရက်သီး၏ ပို့ကုန်ပုံရိပ်ကို ထိခိုက်စေသည့်အပြင် အတုအပပြုခံရသည့် ပို့ကုန်ကုဒ်လုပ်ငန်းရှင်များအပေါ်ကိုလည်း ထိခိုက်မှုရှိစေခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ အရည်အသွေးကြီးကြပ်စစ်ဆေးရေးဌာနချုပ်က လက်ရှိတရုတ်နိုင်ငံသည် ဗီယက်နမ်သရက်တင်ပို့မှု (၂၂၀)သုတ်ကို ယာယီဆိုင်းငံ့ထားကြောင်း အတည်ပြုပြောကြားခဲ့ပါသည်။

လက်ရှိအခြေအနေတွင် ဗီယက်နမ်နိုင်ငံသည် ဆွတ်ခူးရာသီပြီးဆုံးသွားပြီဖြစ်သောကြောင့် ဤထုတ်ပြန်ချက်သည် ဗီယက်နမ်နိုင်ငံ၏ သရက်သီးတင်ပို့မှုအပေါ် အနည်းငယ်သာသက်ရောက်မှုရှိမည်ဖြစ်သည်။ သို့သော် အကယ်၍ ဤကဲ့သို့သော ချိုးဖောက်မှုလုပ်ရပ်များ ထပ်မံဖြစ်ပွားမည်ဆိုပါက ပို့ကုန်လုပ်ငန်းရှင်များ၏ သရက်သီးတင်ပို့မှုအပေါ် စိတ်ဝင်စားမှုများစွာ ကျဆင်းနိုင်မည်ဖြစ်သောကြောင့် အပင်ကာကွယ်ရေးဌာနမှာ ဒေသတွင်းဗီယက်နမ်သစ်သီးစိုက်ပျိုးဧရိယာ စီမံကြီးကြပ်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

**Source:** www.jin10.com **မှ ကောက်နုတ်ဖော်ပြသည်။**

https://www.facebook.com/shweliayarnews/

## အိန္ဒိယနိုင်ငံ၌ ကလေးကစားစရာပစ္စည်းများအား အရည်အသွေးစစ်ဆေးပြီးမှသာ တင်သွင်းခွင့်ပြုမည်

အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန လက်အောက်ရှိ စက်မှုလုပ်ငန်းမြှင့်တင်ရေးနှင့် ပြည်တွင်းကုန်သွယ်မှုဦးစီးဌာန (DPIIT) က ၂၅.၂.၂၀၂၀ နေ့၌ ထုတ်ပြန်ခဲ့သော ကစားစရာပစ္စည်းများ အရည်အသွေးထိန်းချုပ်မှုဆိုင်ရာ အမိန့်သည် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ လ ၁ ရက်နေ့တွင် စတင်အာဏာသက်ရောက်မည်ဖြစ်ရာ ၎င်းနေ့ရက်မှစတင်၍ အိန္ဒိယနိုင်ငံ၏ မဖြစ်မနေလိုက်နာရမည့် စံသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ကစားစရာပစ္စည်းများသည်သာ ပြည်တွင်းသို့ တင်သွင်းခွင့်ရရှိတော့မည်ဖြစ်ပါသည်။

၂၁.၈.၂၀၂၀ နေ့တွင် သတင်းဌာနများနှင့်တွေ့ဆုံရာ၌ အိန္ဒိယစားသုံးသူရေးရာ၊ အစားအစာနှင့်ပြည်သူ့ဖြန့်ဖြူးမှုရေးရာဝန်ကြီး Mr. Ram Vilas Paswan က ပြည်တွင်းသို့ ကလေးကစားစရာပစ္စည်းများတင်သွင်းမှုနှင့်ပတ်သက်၍ မဖြစ်မနေလိုက်နာရမည့် အရည်အသွေးထိန်းချုပ်မှု စံသတ်မှတ်ချက်များ (mandatory quality control standard) အား ပြဌာန်းထားရှိပြီးဖြစ်ကြောင်း၊ အိန္ဒိယစံချိန်စံညွှန်းများဗျူရို (BIS) သည် အဓိကဆိပ်ကမ်းများ၌ ပြည်တွင်းသို့ တင်သွင်းသည့် ကလေး ကစားစရာပစ္စည်းများအပေါ် နမူနာကောက်ယူမှုနှင့် အရည်အသွေးစမ်းသပ်စစ်ဆေးမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစိုးရသည် စတီးလ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ အီလက်ထရွန်းနစ်ကုန်ပစ္စည်းများ၊ အကြီးစားစက်မှုထုတ်ကုန်များနှင့် ထုတ်ပိုး ပြုပြင်ထားသည့် စားသောက်ကုန်များ၏ မဖြစ်မနေလိုက်နာရမည့် အရည်အသွေးစံသတ်မှတ်ချက်များကိုလည်း ပြုစုရေးဆွဲလျက်ရှိကြောင်းပြောကြားခဲ့ပါသည်။

DPIIT က ထုတ်ပြန်ထားသည့် အထက်ဖော်ပြပါ အရည်အသွေးထိန်းချုပ်မှုအမိန့်အရ အသက် ၁၄ နှစ်အောက် ကလေးများအတွက် ကစားစရာပစ္စည်းများအား ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြည်ပမှတင်သွင်းခြင်းများပြုရာတွင် မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်း (၇) ချက်ကို သတ်မှတ်ထားပါသည်။ ယေဘုယျအားဖြင့် ကလေးကစားစရာပစ္စည်းများကို လျှပ်စစ်ဓာတ်အား အသုံးပြုရသောအုပ်စုနှင့် အသုံးမပြုသောအုပ်စုဟူ၍ အရည်အသွေးပိုင်းဆိုင်ရာ စံသတ်မှတ်ထားခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံအတွင်း ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် ပြည်တွင်း/ပြည်ပမှ ကုန်ပစ္စည်းထုတ်လုပ်သူများအနေဖြင့် အိန္ဒိယစံချိန်စံညွှန်းများဗျူရိုတွင် ကုန်စည်အမျိုးအစားအလိုက်မှတ်ပုံတင်ခြင်း အိန္ဒိယစံချိန်စံညွှန်းနှင့်ကိုက်ညီမှုရှိကြောင်းဖော်ပြသည့် ISI အမှတ်တံဆိပ်အား ရိုက်နှိပ်သုံးစွဲခွင့်ရရှိရန် လိုင်စင်လျှောက်ထားရယူခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။

အိန္ဒိယစံချိန်စံညွှန်းများဗျူရို၏ ညွှန်ကြားရေးမှူးချုပ် Mr. Pramod Kumar Tiwari က ၎င်းတို့အနေဖြင့် ကလေးကစားစရာပစ္စည်းများ၏ အရည်အသွေး စံသတ်မှတ်ချက်ကိုက်ညီမှုရှိ/ မရှိကို လုပ်ငန်းအဆင့်နှစ်ရပ်ဖြင့် ဆောင်ရွက်ကြောင်း၊ ပထမအဆင့်သည် ၎င်းပစ္စည်းများအားထုတ်လုပ်သည့် စက်ရုံနေရာသို့ မျက်မြင်သွားရောက်စစ်ဆေးခြင်းဖြစ်ပြီး ဒုတိယအဆင့်မှာ အိန္ဒိယနိုင်ငံရှိ ဆိပ်ကမ်း၌တင်သွင်းလာသည့် ကုန်စည်များအနက်မှအချို့ကို နမူနာကောက်ယူ၍ စစ်ဆေးခြင်းဖြစ်ကြောင်း၊ သို့ရာတွင် တင်သွင်းလာသည့်ကုန်စည်များအား ဆိပ်ကမ်း၌ တားဆီးပိတ်ပင်ခြင်း ပြုမည်မဟုတ်ကြောင်း၊ လက်ရှိကာလ၌ BIS သည် အခြားသော မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းပေါင်း ၂၆၈ ခုကို ပြုစုရေးဆွဲလျက်ရှိကြောင်းပြောဆိုပါသည်။

အရေးကြီးကုန်စည်အုပ်စုစာရင်းမဝင်သော ကုန်ပစ္စည်းများနှင့်အရည်အသွေးနိမ့်ကျသည့် ကုန်စည်များအား ပြည်တွင်းသို့ တင်သွင်းခြင်း မပြုစေရေးအတွက် အိန္ဒိယအစိုးရသည် ကုန်စည်အမျိုးအမည်ပေါင်း ၃၇၁ ခု၏ အရည်အသွေးဆိုင်ရာ အရည်အသွေးစံသတ်မှတ်ချက်များကို ပြဋ္ဌာန်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း Economic Times သတင်းဌာနမှ ဖော်ပြပါသည်။

**Source:** **1. From September 1, entry of imported toys in India only after quality testing, 21 Aug 2020, Economic Times**

**2. Order No. S.O. 853 (E) dated 25th February 2020 of Department for Promotion of Industry and Internal Trade of India**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးနှင့်ကုန်သွယ်ရေးဆိုင်ရာ ကုန်သွယ်မှုအခြေအနေ

ကိုရီးယားသမ္မတနိုင်ငံ၊ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန၏ (၁-၈-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် စာရင်းအရ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၄၂.၈၇) ဘီလီယံ၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၃၈.၆) ဘီလီယံဆောင်ရွက်နိုင်ခဲ့သဖြင့် ကုန်သွယ်မှုပမာဏတန်ဖိုး အမေရိကန်ဒေါ်လာ (၈၁.၄) ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ပြီး၊ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ (၄.၂၇) ဘီလီယံဖြစ်ကြောင်းသိရှိရပါသည်။ ယခင်နှစ် ကာလတူထက် ပို့ကုန်တွင် (၇) ရာခိုင်နှုန်း၊ သွင်းကုန်တွင် (၁၁.၉) ရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း COVID-19 ကပ်ရောဂါ၏ ရိုက်ခတ်မှုကြောင့် ကုန်သွယ်မှုကျဆင်းခဲ့သည့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစ၍ လေးလတာကာလအတွင်း ပထမဆုံးကျဆင်းမှုပမာဏ စတင်လျော့နည်းလာသည့်အနေအထားဖြစ်သဖြင့် ကုန်သွယ်မှု ပြန်လည်တိုးတက်ရန်အစပျိုးလာပြီဖြစ်ကြောင်းသိရှိရပါသည်။

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွင်းတွင် အဓိကပို့ကုန်(၁၅)မျိုးအနက် ကုန်စည်(၆)မျိုးသည် ပြန်လည်ဦးမော့လာခဲ့ပြီး၊ အဓိက ပို့ကုန်တင်ပို့သည့် ကိုရီးယားသမ္မတနိုင်ငံ၏ ကုန်သွယ်ဖက်နိုင်ငံများဖြစ်သော တရုတ်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စုတို့သို့ ပို့ကုန်တင်ပို့နိုင်မှုသည် သိသိသာသာ တိုးတက်လာခဲ့ကြောင်း၊ ချစ်(ပ်)ပြားများ တင်ပို့နိုင်မှုသည် (၅.၆) ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီး Smart Phone ရောင်းချနိုင်မှုသည်လည်း ပြန်လည်ဦးမော့လာနိုင်ခဲ့ပြီဖြစ်ကြောင်း၊ Computers တင်ပို့နိုင်မှု (၇၇.၁) ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး တရုတ်နှင့်အမေရိကန်ပြည်ထောင်စုတို့တွင် Virtual Learning & Confer-ences ပိုမိုပြုလုပ်လာမှုကြောင့် Server Market အတွက် Solid State Drives (SSDs) ဝယ်လိုအားမြင့်တက်လျက်ရှိကြောင်း၊ Laptop တင်ပို့ရောင်းချနိုင်မှုလည်း တိုးတက်လာခဲ့ကြောင်း၊ ထို့ပြင် ဇီဝဆေးပစ္စည်းများတင်ပို့နိုင်မှုအနေဖြင့် (၄၇) ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း သိရှိရပါသည်။

သို့ရာတွင် မော်တော်ယာဉ်များတင်ပို့ရောင်းချနိုင်မှု (၄.၂) ရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း အဆိုးရွားဆုံးကျဆင်းခဲ့သည့် ၂၀၂၀ ပြည့်နှစ် မေလ ကထက်စာလျှင် ကျဆင်းမှုလျော့နည်းလာသည့် အနေအထားဖြစ်ကြောင်း၊ ရေနံထွက်ကုန်များတင်ပို့ရောင်းချနိုင်မှု (၄၃.၂) ရာခိုင်နှုန်း ကျဆင်းလျက်ရှိကြောင်းသိရှိရပါသည်။

ကိုရီးယားသမ္မတနိုင်ငံမှတရုတ်နိုင်ငံသို့တင်ပို့နိုင်မှု(၂.၅)ရာခိုင်နှုန်း၊ အမေရိကန်ပြည်ထောင်စုသို့ (၇.၇) ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ပြီး၊ အာဆီယံနိုင်ငံများသို့ တင်ပို့နိုင်မှုတွင် (၁၄.၆)ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းသိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့**

## ကိုရီးယားဝမ် (၁၆၀) ထရီလီယံ တန်ဖိုးရှိ “Korean New Deal” အမည်ရှိ စီးပွားရေးလှုံ့ဆော်မှုအစီအစဉ်

ကိုရီးယားသမ္မတနိုင်ငံအစိုးရအနေဖြင့် COVID-19 အလွန်ကာလအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်အားလျော်စွာ စီးပွားရေးပြန်လည်နာလန်ထူ တိုးတက်လာစေရေးအတွက် နောင်(၅)နှစ်တာကာလအတွင်း အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေး ဖွံ့ဖြိုးမှုများအား ပံ့ပိုးမှုဆောင်ရွက်ပေးမည့် ကိုရီးယားဝမ် (၁၆၀) ထရီလီယံတန်ဖိုးရှိ “Korean New Deal” အမည်ရှိ စီးပွားရေး လှုံ့ဆော်မှုအစီအစဉ်ကို သမ္မတမွန်ဂျေအင်းမှ (၁၄-၇-၂၀၂၀) ရက်နေ့တွင် ထုတ်ဖော်ကြေညာခဲ့ပါသည်။ အဆိုပါအစီအစဉ်တွင် “Digital New Deal” နှင့် “Green New Deal” ဟူ၍ နှစ်ပိုင်းပါဝင်မည်ဖြစ်ပြီး၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ (၅)နှစ်တာကာလအတွင်း အလုပ်အကိုင်အခွင့်အလမ်းပေါင်း (၁.၉) သန်းကို ဖန်တီးပေးသွားမည်ဖြစ်ကြောင်းသိရှိရပါသည်။ အဆိုပါ စီမံကိန်းသည်အစိုးရနှင့်သာ သက်ဆိုင်သည့်စီမံကိန်းမဟုတ်ဘဲ တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် စီမံကိန်းတစ်ခုဖြစ်ကြောင်းလည်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့**

## သွင်းအားစုကွင်းဆက်ခိုင်မာရေး အစီအစဉ်အားဖော်ဆောင်ရန် အိန္ဒိယ-ဂျပန်-ဩစတေးလျ သုံးနိုင်ငံညှိနှိုင်းဆွေးနွေးလျက်ရှိခြင်း

အိန္ဒိယနိုင်ငံသည် ပြည်တွင်းရှိ ကုန်ထုတ်လုပ်ငန်းနယ်ပယ်များစွာ၌ လိုအပ်သော သွင်း အားစု ကုန်ကြမ်းပစ္စည်းများ၏ အရင်းအမြစ်အဖြစ် တရုတ်နိုင်ငံအပေါ် အမှီပြုနေရမှုကို လျော့ချ နိုင်ရန်အတွက် Supply Chain Resilience Initiative (SCRI) ဟု ခေါ်ဆိုသည့် သွင်းအားစု ကွင်းဆက်ခိုင်မာရေး အစပြုဆောင်ရွက်မှု အစီအစဉ်ကို အိန္ဒိယ-ဂျပန်-ဩစတေးလျ သုံးနိုင်ငံ အကြား ဖော်ဆောင်ရန် ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရှိရပါသည်။

အိန္ဒိယအခြေစိုက် Economic Times သတင်းဌာန၏ဖော်ပြချက်အရ အဆိုပါသုံးနိုင်ငံ သွင်းအားစုကွင်းဆက် ခိုင်မာရေးအစီအစဉ်အားဖော်ဆောင်ရန် ဂျပန်နိုင်ငံက စတင်အဆိုပြုခဲ့ကြောင်း၊ ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် ၎င်းအစီအစဉ်အား ဆောလျင်စွာအကောင်အထည်ဖော်ဆောင်ရန်လိုအပ်ကြောင်းဖော်ပြလျက် အိန္ဒိယနိုင်ငံသို့ မကြာသေးမီကာလ၌ ဆက်သွယ်လာခဲ့ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် SCRI အစီအစဉ်ကို လာမည့်နိုဝင်ဘာလတွင် စတင်နိုင်ရန် လိုလားလျက်ရှိပြီး အိန္ဒိယ-ဂျပန်-ဩစတေးလျ သုံးနိုင်ငံမှ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးများ၏ ညှိနှိုင်းဆွေးနွေးပွဲကို ရှေ့လာမည့်ရက်သတ္တပတ်၌ ကျင်းပဖွယ်ရှိကြောင်း၊ သာမန်အားဖြင့် အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံ၏ ဆန့်ကျင်ဘက်အုပ်စုများ အဖြစ် သိသာထင်ရှားမှုဖြစ်စေမည့် အဆိုပြုချက်များအပေါ် သတိကြီးစွာထား၍ စဉ်းစားဆောင်ရွက်လေ့ရှိကြောင်း၊ သို့ရာတွင် နိုင်ငံ၏ အနောက်မြောက်ပိုင်း လာဒက်ဒေသရှိ နယ်စပ်စည်းမျဉ်း ထိန်းချုပ်မှုကြားခံနယ်မြေ အရေးကိစ္စတွင် တရုတ်နိုင်ငံဘက်မှ လုပ်ဆောင်မှုများအရ အိန္ဒိယအစိုးရသည် ယခုအဆိုပြုချက်အပေါ် အလေးအနက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံ၏ အဆိုပြုချက်တွင် အဓိကရည်ရွယ်ချက်နှစ်ရပ်ပါဝင်ပြီး အင်ဒို-ပစိဖိတ်ဒေသအား စီးပွားရေးအင်အားရပ်ဝန်းကြီးအဖြစ် ပြောင်းလဲ ရာတွင် ရင်းနှီးမြှုပ်နှံမှုများအားဆွဲဆောင်ရန်နှင့် ပူးပေါင်းပါဝင်သည့်နိုင်ငံများအကြား အပြန်အလှန်ဖြည့်ဆည်းဖက်အဖြစ် ဆက်ဆံရေးကို ထူထောင်ရန်ဖြစ်ကြောင်း၊ ထို့အပြင် အိန္ဒိယ-ဂျပန်-ဩစတေးလျ နိုင်ငံများအကြား နားလည်မှုရရှိဖော်ဆောင် နိုင်သည့်နောက်ပိုင်း၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများကိုပါ အဆိုပါအစီအစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်ရေး လမ်းစဖွင့်လှစ်ရန် ရည်ရွယ် ချက်လည်းရှိကြောင်းသိရှိရပါသည်။

အဆိုပါ သွင်းအားစုကွင်းဆက် အစီအစဉ်အား ကနဦးအစပိုင်း၌ နှစ်နိုင်ငံအကြားတည်ရှိပြီးသား သွင်းအားစုကွင်းဆက် ကွန်ယက်အပေါ် အခြေခံလျက် လုပ်ငန်းစီမံချက်တစ်ရပ်ကို ရေးဆွဲထူထောင်လုပ်ကိုင်မည်ဖြစ်ပြီး လက်ရှိကာလတွင် အိန္ဒိယနိုင်ငံ၌ ဂျပန်ကုမ္ပဏီများ၏ စီးပွားရေးလုပ်ငန်းများကို မြှင့်တင်လုပ်ဆောင်နိုင်မည့် Indo-Japan Industrial Competitiveness partnership သဘောတူညီချက်အား အိန္ဒိယနှင့် ဂျပန်နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားပြီးဖြစ်ပါသည်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရင်ဒရာမိုဒီက စီးပွားရေးလုပ်ငန်းများသည် အိန္ဒိယအား သွင်းအားစုကွင်းဆက်၏ ဗဟိုဌာနအဖြစ် ဖြစ်တန်ချေရှိသည်ဟု ရှုမြင်လျက်ရှိရာ အိန္ဒိယနိုင်ငံအနေဖြင့် ထိုသို့ဖြစ်မြောက်အောင် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ၁၅.၈.၂၀၂၀ နေ့၊ လွတ်လပ်ရေးနေ့မိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့ပါသည်။ အိန္ဒိယပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုက်ရှန်ကာကလည်း လက်ရှိ ကမ္ဘာ့စီးပွားရေးနယ်ပယ်၌ သွင်းအားစုကွင်းဆက်ဆိုင်ရာ မဟာဗျူဟာကျလုပ်ကိုင်နိုင်မှုမှာ လိုအပ်ချက်တစ်ရပ်ဖြစ်လာကြောင်းဖြင့် ၂၀.၈.၂၀၂၀ နေ့တွင်ကျင်းပသည့် ASEAN-India Network of Think Tanks ဆွေးနွေးပွဲတွင် ပြောကြားခဲ့ပါသည်။ သို့ဖြစ်ရာ အိန္ဒိယနိုင်ငံအနေဖြင့် ဂျပန်နိုင်ငံက အဆိုပြုထားသော Supply Chain Resilience Initiative အစီအစဉ် အား အလေးအနက်ထား ဆောင်ရွက်သွားဖွယ်ရှိပါသည်။

Source: 1. India-Japan-Australia supply chain in the works to counter China, 19 Aug 2020, Economic Times

2. Strategic autonomy needed in supply chains: External Affairs Minister S Jaishankar, 21 Aug 2020, Economic Times

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## STOCK EXCHANGE (28.8.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 28th Aug. 2020


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | +0 | +0.00% | 9,900 | 9,900 | 9,900 | 501 | 4,959,900 | 27,112,747 | 268,416 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,700 | 3,700 | 3,700 | 1,065 | 3,940,500 | 38,929,150 | 144,038 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 14 | 109,200 | 10,400,986 | 81,128 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,500 | 21,500 | 21,500 | 264 | 5,676,000 | 2,472,053 | 53,149 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 12,823,224 | 34,623 |
| EFR | 00006 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,050 | 202 | 625,700 | 19,977,223 | 61,929 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 432.33 | +0.00 | +0.00% | 432.33 | 432.33 | 431.65 | 2,046 | 15,311,300 | 6 | 643,283 |

**Index chart**



# Market Overview

As of 1:00 pm, 28th Aug. 2020

| MYANPIX | 432.33 ▲ 0.00 |
|---|---|
| Total Volume (shares) | 2,046 |
| Total Value (MMK) | 15 mil |
| Listed Company | 6 |
| Market Cap. (MMK) | 643,283 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▲ 0 |
| MTSH | 00002 | 3,700 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 21,500 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 3,100 | ▲ 0 |

TIR